# အချက်အလက် စာစောင်

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားဆိုသည်မှာ။ ။

(၂၀၁၈) စက်တင်ဘာလ (၂၇) ရက်နေ့တွင်၊ ဆုံးဖြတ်ချက်အမှတ် (၃၉/၂) မှတဆင့်၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM သို့မဟုတ် မြန်မာနိုင်ငံဆိုင်ရာ ယန္တရား)ကို တည်ထောင်ခဲ့သည်။ ကုလ၏ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) မှ အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ အရာရောက်သော ဆိုးဆိုးရွားရွားလူ့အခွင့်အရေးချိုးဖောက်မှုများအား ကချင်၊ ရခိုင် နှင့် ရှမ်းပြည်နည်များအပါအဝင်၊ မြန်မာနိုင်ငံအတွင်း၌ ကျူးလွန်ခဲ့ကြောင်း ယုတ္တိရှိသောစံချိန်နှင့်အညီ တွေ့ရှိခဲ့သည်ဆိုသော အစီရင်ခံစာများကို တုန့်ပြန်သည့်အနေနှင့် လူ့အခွင့်အရေးကောင်စီက ဤကဲ့သို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ယန္တရားကို ဖွဲ့စည်းရန် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံက နောက်ဆက်တွဲ၍ ကြိုဆိုခဲ့သည်။

> "ကျူးလွန်သူနှင့် နစ်နာခံရသူတို့က မည်သည့် လူမျိုး၊ မျိုးနွယ်စု၊ နိုင်ငံသား၊ ဘာသာဝင် သို့မဟုတ်၊ နိုင်ငံရေးအဖွဲ့မှဖြစ်စေ၊ တာဝန်ခံမှုရှိစေရန် မြန်မာနိုင်ငံဆိုင်ရာယန္တရားသည် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်။ ယန္တရားကအမြဲစောင့်ကြည့်နေပြီး၊ ပြစ်မှုကျူးလွန်သူတိုင်းကို တစ်ချိန်ချိန်တွင် အရေးယူခံရစေမည်ဟု မြန်မာနိုင်ငံရှိ ပြစ်မှုကျူးလွန်နိုင်သော လက်နက်ကိုင်အဖွဲ့အစည်း အားလုံးကို သတိပေးလိုသည်။"
>
> မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အကြီးအကဲဖြစ်သူ နီကိုလတ်စ်ခွန်ဂျန်ကလူ့အခွင့်အရေးကောင်စီ၏(၄၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ထုတ်ပြန်ပြောကြားချက်။ ။

PALAIS DES NATIONS • 1211 GENEVA, SWITZERLAND

Email: iimm@un.org; Signal or WhatsApp: +41(0)76 691 12 08
Revised on 22 November 2019

# မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ဘာလုပ်လဲ။ ။

အဆိုးရွားဆုံးသော အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အထောက်အထားများအား စုဆောင်း၊ ပေါင်းစည်း၊ ထိန်းသိမ်း၊ စိစစ်သုံးသပ်ရန် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်ဖြင့် လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကို တည်ထောင်ခဲ့သည်။ ၎င်းပြစ်မှုများအတွက် လက်ရှိတွင် တရားစီရင်ခွင့် ရှိသော၊ သို့မဟုတ် အနာဂတ်တွင် တရားစီရင်ခွင့်ရှိလာနိုင်သော၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးများ၊ သို့မဟုတ် ခုံရုံးများတွင်၊ တရားမျှတ၍ သီးသန့်လွတ်လပ်သော ရာဇဝတ်မှု စီရင်ချက်များကို ကူညီ ထောက်ပံ့၍ လွယ်ကူချောမွတ်စေရန်အတွက်၊ စုဆောင်းပြီးသော အချက်အလက်များကို အသုံးပြုကာ အမှုတွဲများကို ပြင်ဆင်ရန် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်က မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကို ဆက်လက် ညွှန်ကြားခဲ့သည်။

# မြန်မာနိုင်ငံဆိုင်ရာယန္တရားက အချက်အလက်ရှာဖွေရေးမစ်ရှင်(FFM)နဲ့ ဘယ်လိုကွာခြားသလဲ။ ။

မြန်မာနိုင်ငံဆိုင်ရာယန္တရားနှင့် FFMတို့သည် ဦးဆောင်သူများနှင့် ရည်ရွယ်ချက်များမတူညီကြသည့် သီးခြား အဖွဲ့အစည်းနှစ်ခု ဖြစ်သည်။ (၂၀၁၁) ခုနှစ်မှစ၍၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ အရာရောက်နိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အလွဲသုံးစားပြုမှုများနှင့် ပတ်သက်သည့် အချက်အလက်၊ အခြေအနေများကို အတည်ပြုရန် FFM ကို လုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည်။ လူ့အခွင့်အရေး မှတ်တမ်းတင် လုပ်ထုံးနည်းနာတွင် အသုံးပြုသော၊ "ယုတ္တိရှိသော အကြောင်းရင်းများအရ ဤကဲ့သို့ ကောက်ချက်ချနိုင်သည်" ဟူသော အထောက်အထားစံချိန်ကို FFM က အသုံးပြုသည်။ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကမူ၊ ရာဇဝတ်အမှုတွဲများအတွက် အထောက်အထားများကို စုဆောင်းရန်အာရုံစိုက်သည်။ ရာဇဝတ်အမှုတွဲများအတွက် လိုအပ်သော သက်သေခံ အထောက်အထားစံချိန်က ပိုမိုမြင့်မားသည်။ "ယုတ္တိရှိသော သံသယအားလုံးကင်းသည်" ဟူသော စံချိန်၊ သို့မဟုတ် "အချက်အလက်ရှာဖွေသူကအရင်းအနှီးယုံကြည်ချက်ရှိသည်" ဟူသော စံချိန်မီသည့် အထောက်

အထား လိုအပ်သည်။ ယခုလက်ရှိတွင် FFMက တာဝန်များပြီးဆုံးသွားပြီးဖြစ်ပြီး၊ မြန်မာနိုင်ငံဆိုင်ရာယန္တရားက လုပ်ငန်း စတင်နေဆဲဖြစ်သည်။

ရာဇဝတ်အမှုတွဲများကို ပြင်ဆင်ရာတွင်၊ FFM ထံမှ လက်ခံရရှိခဲ့သော အချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက အသုံးပြုသွားမည်ဖြစ်သည်။ တခြားအရင်းအမြစ်များမှ အထောက်အထားများကိုလည်း ယန္တရားက ဆက်လက်စုဆောင်းသွားမည် ဖြစ်ပြီး၊ ကိုယ်တိုင် စိစစ်သုံးသပ်မှုများကို လုပ်ဆောင်သွားမည်။ အရည်အချင်းရှိသော တရားခုံရုံးများတွင် မျှတပြီး၊ သီးသန့်လွတ်လပ်သော ရာဇဝတ်မှုတရားစွဲဆိုချက်များကို ကူညီထောက်ပံ့ရန် အမှုတွဲ များကို ပြင်ဆင်သွားမည်။

## မြန်မာနိုင်ငံဆိုင်ရာယန္တရားက လူပုဂ္ဂိုလ်များကိုတရားစွဲပြီးစီရင်မှုများ လုပ်မလား။

မြန်မာနိုင်ငံဆိုင်ရာ ယန္တရားသည် တရားခုံရုံး မဟုတ်သဖြင့်၊ ဖမ်းဆီးခြင်း၊ တရားစွဲခြင်း၊ သို့မဟုတ် ပြစ်မှုစီရင်ခြင်းတို့ မပြုလုပ်နိုင်ပါ။ မြန်မာနိုင်ငံဆိုင်ရာ ယန္တရား၏ လုပ်ဆောင်နိုင်စွမ်းမှာ အထောက်အထားများကို စုဆောင်းပြီး ထိန်းသိမ်းထားရန်နှင့်၊ မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ပုဂ္ဂိုလ်များကို တရားမျှတစွာ တရား စွဲဆိုနိုင်ရန်အတွက် လုပ်ဆောင်နိုင်စွမ်းနှင့် လုပ်ဆောင်လိုချက်တို့ရှိသော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည် ဆိုင်ရာခုံရုံးများအတွက် ရာဇဝတ်အမှုတွဲများကို ပြင်ဆင်ပေးရန်ဖြစ်သည်။ သို့ရာတွင်၊ လက်ခံရရှိမည့် အဖွဲ့အစည်း သည် လူသက်သေများနှင့် သက်သေခံ အထောက်အထား ရင်းမြစ်တို့၏ လုံခြုံရေးနှင့် မြန်မာနိုင်ငံဆိုင်ရာယန္တရားက တောင်းဆိုသော လျှို့ဝှက်ပေးရန် ကတိပြုမှုအားလုံးကို လေးစားနိုင်သည်ဟု ယန္တရားက ယုံကြည်မှ၊ အချက်အလက် များကို ဝေမျှပေးမည်။ မျှတသော ရုံးတင်စစ်ဆေးချက်ကို ရပိုင်ခွင့်ရှိပြီး၊ သေဒဏ်ပေးနိုင်စွမ်းမရှိကြောင်း အာမခံချက် အပါအဝင်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် စံချိန်များကို လေးစားသော တရားရုံးများနှင့် ခုံရုံးများနှင့်သာ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက အမှုတွဲများကို မျှဝေမည်။ ။

## မြန်မာနိုင်ငံဆိုင်ရာယန္တရားက ICC နဲ့ ဘယ်လိုကွာခြားသလဲ။

ICC ခေါ် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံးသည် အခြေအနေအချို့တွင် အမှုစစ်ဆေးပြီး တရားစီရင်နိုင်ခွင့် ရှိသည့်၊ စာချုပ်အရဖွဲ့စည်းထားသော ခုံရုံးဖြစ်သည်။ ၎င်းစာချုပ်အား လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်ခုခု၏ ပိုင်နက်အတွင်းတွင် ပေါ်ပေါက်ခဲ့သော ပြစ်မှုအတွက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နိုင်ပြီး တရားစီရင်နိုင်ခွင့်ရှိသည်။ (၂၀၁၉) နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ICC ၏ တရားသူကြီးတို့က တရားလိုရှေ့နေအား ICCအား လက်မှတ်မရေးထိုး ထားသော မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအား ICCအား လက်မှတ်ရေးထိုး ထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အင်အားသုံးပြီးပြည်နှင်ထုတ်မှုနှင့် ဆက်စပ်သည့် ပြစ်မှုများကို ဆက်လက် စုံစမ်းစစ်ဆေးရန် ခွင့်ပြု လိုက်သည်။

တခြားတစ်ဖက်တွင်၊ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက တရားခုံရုံးမဟုတ်ဘဲ၊ စုံစမ်းစစ်ဆေးမှုယန္တရား ဖြစ်သည်။ ဆက်လက်၍၊ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်ဘောင်ကျော်ကာ အင်အားသုံးပြီး ပြည်နှင်ထုတ်ခြင်းဆိုင်ရာ ရာဇဝတ်မှုများအတွက်သာ စုံစမ်းစစ်ဆေးခွင့်ရှိသည် မဟုတ်ပေ။ (၂၀၁၁) ခုနှစ်မှစ၍၊ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်ဒေသ၌မဆို ကျူးလွန်ခဲ့သော၊ ဆိုးဆိုးရွားရွား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အထောက်အထားများအား စုဆောင်းပြီး၊ ရာဇဝတ်အမှုတွဲများကို ပြင်ဆင် သွားမည်ဖြစ်သည်။ ကျူးလွန်သူနှင့် နစ်နာခံရသူတို့က မည်သည့် မျိုးနွယ်စု၊ နိုင်ငံသား၊ သို့မဟုတ်၊ ဘာသာဝင်ပင် ဖြစ်စေ၊ ဤကဲ့သို့ ဆောင်ရွက်သွားမည် ဖြစ်သည်။

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ICJ နဲ့ ဘယ်လိုကွာခြားသလဲ။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)သည် ကုလသမဂ္ဂ၏ အဓိကတရားရုံးဖြစ်သည်။ (၂၀၁၉) နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ရိုဟင်ဂျာတို့အပေါ် ပြုမူချက်တို့ဖြင့် မြန်မာနိုင်ငံက (၁၉၅၇) ဂျန်နိုဆိုက်ကွန်ဗင်းရှင်းခေါ် လူမျိုး ပြုန်းတီးစေမှုဆိုင်ရာ သဘောတူစာချုပ်အား ချိုးဖောက်ခဲ့သည်ဟု ဂမ်ဘီယာနိုင်ငံက စွပ်စွဲပြောကြားပြီး၊

တရားစွဲဆိုခဲ့သည်။ ဤသို့တရားစွဲဆိုမှုသည် ရာဇဝတ်မှုဆိုင်ရာအမှု မဟုတ်သဖြင့်၊ မြန်မာနိုင်ငံကို တရားစွဲဆိုခြင်း ဖြစ်ပြီး၊ လူပုဂ္ဂိုလ်များကို တရားစွဲခြင်းမဟုတ်ပါ။

ထိုကိစ္စနှင့် မတူညီဘဲ၊ မြန်မာနိုင်ငံဆိုင်ရာယန္တရားက တရားခုံရုံးမဟုတ်ကာ၊ စုံစမ်းစစ်ဆေးမှုယန္တရားဖြစ်သည်။ မိမိတို့၏ လုပ်ပိုင်ခွင့်က လူပုဂ္ဂိုလ်များကို တရားစွဲဆိုနိုင်သော ရာဇဝတ်အမှုတွဲများအတွက် အထောက်အထားများ ကို စုဆောင်းရန် အာရုံစိုက်သည်။

ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများအတွက်မဟုတ်ဘဲ အခြားသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက စုဆောင်းထားပြီးသော အချက်အလက်များကို အသုံးပြုရန် တောင်းဆိုချက်များကို၊ ကိစ္စတစ်ခုချင်းစီ အလိုက် ထည့်သွင်းစဉ်းစားပေးမည်။ ၎င်းအချက်အလက်များကို အသုံးပြု၍ ပြစ်မှုများကို တားဆီးနိုင်ခြင်း၊ တာဝန်ခံမှုကို မြှင့်တင်နိုင်ရေး အလားအလာရှိသော တောင်းဆိုချက်များကို ဦးစားပေးသွားမည်။

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ဘာကြောင့် အရေးကြီးသလဲ။

(၂၀၁၁) ခုနှစ်မှစ၍၊ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများ၏ သက်သေ အထောက်အထားများကို ယခုကတည်းက စုဆောင်းပြီး ထိန်းသိမ်းထားရေးက အနာဂတ်တွင် ဖြစ်ပေါ်လာ နိုင်သော တရားစွဲဆိုမှုအားလုံးအတွက် အလွန်အကျွံအရေးကြီးပေသည်။ အချိန်ကာလအတာအရှည်နှင့် အထောက်အထားများကို ဖုံးကွယ်၊ ဖျက်ဆီးရန် ကြိုးစားမှုများသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် အောင်မြင်သော ရာဇဝတ်မှု တရားစီရင်ရေးများကို ဟန့်တားနိုင်သည့် အကြီးမားဆုံး ခြိမ်းခြောက်မှုများ ဖြစ်ပေသည်။ ဤကဲ့သို့ တန်ဖိုးရှိသော အထောက်အထားများကို စုဆောင်းပြီး၊ ထိန်းသိမ်းထားရန် မြန်မာနိုင်ငံဆိုင်ရာယန္တရား၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် တရားစီရင်မှုများ အတွက် ဆုံးဖြတ်ချက်ချနိုင်လောက် အောင် အရေးပါသော လုပ်ဆောင်ချက်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ ယန္တရား၏ လုပ်ပိုင်ခွင့်က အဆုံးမရှိကြောင်းကို သတိပြုရန် အရေးကြီးသည်။ မြန်မာနိုင်ငံရှိ အဖြစ်အပျက်များကို ယန္တရားက အနီးကပ် စောင့်ကြည့်နေပါမည်။ ဆိုးရွားသော အပြည်ပြည်ဆိုင်ရာ

ရာဇဝတ်မှုများကို မြန်မာနိုင်ငံတွင် ကျူးလွန်ပါက၊ သက်ဆိုင်ရာ အထောက်အထားများကို စုဆောင်းသွားမည်ဖြစ်ပြီး၊ တာဝန်ရှိသောပုဂ္ဂိုလ်များ၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တာဝန်ခံမှုရှိစေရန် သေချာအောင် ဆောင်ရွက်သွားမည်။ မိမိတို့၏ လုပ်ပိုင်ခွင့်ကို ပြင်းပြင်းထန်ထန် လိုက်နာဆောင်ရွက်ခြင်းဖြင့်၊ ပြစ်မှုများကို တားဆီးကာ၊ မြန်မာနိုင်ငံရှိ အရပ်သားပြည်သူလူထုကို ကာကွယ်ရန် မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက ရည်မှန်းပါသည်။

## FFMက စုဆောင်းခဲ့တဲ့ အချက်အလက်တွေက ဘယ်လိုဖြစ်သွားမလဲ။

မျက်မြင်သက်သေများနှင့် တခြား အချက်အလက်ပေးပို့သူတို့ထံမှ မျှဝေရန် သဘောတူချက် ရရှိပြီးသောအခါ၊ FFM က ၎င်းတို့ စုဆောင်းခဲ့သော အချက်အလက် အားလုံးနီးပါးကို မြန်မာနိုင်ငံဆိုင်ရာ ယန္တရားထံသို့ လွှဲပြောင်းပေးခဲ့သည်။ FFM က ပေးအပ်ခဲ့သော အချက်အလက်များ အပါအဝင်၊ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားက စုဆောင်းလက်ခံရရှိသော အချက်အလက်အားလုံးကို ဆိုးရွားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များအား ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုရန်၊ လိုအပ်သော စံချိန်မီ မမီ၊ ပြန်လည်သုံးသပ်ပြီး၊ ခွဲခြမ်းစိတ်ဖြာသွားမည်။ စံချိန်ပြည့်သည်ဆိုပါက၊ ရာဇဝတ်မှုဆိုင်ရာ အမှုတွဲများကို ပြင်ဆင်သွားမည်ဖြစ်သည်။

## မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကို ဘယ်လို ဆက်သွယ်ရမလဲ။

Signal သို့မဟုတ် WhatsApp။ ။ (+၄၁) ၇၆ ၆၉၁ ၁၂၀၈။ ။ အီးမေး။ ။ iimm@un.org

**လျှို့ဝှက်အချက်အလက်များကို မမျှဝေမီ၊ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကို ကြိုတင်ဆက်သွယ်ကာ၊ မိမိပေးသော အချက်အလက်များကို မည်ကဲ့သို့ အသုံးပြုမည်နှင့် ပတ်သက်၍၊ စိတ်ပူပန်မှုများရှိပါက ဆွေးနွေးနိုင်သည်။ ထို့နောက် မိမိက မည်သူမည်ဝါဖြစ်သည်ကို ကာကွယ်ပေးရန် တောင်းဆိုခြင်းရှိလျှင်လည်း ဖော်ပြပေးပါ။ ဆက်လက်၍၊ ဖုန်းနံပါတ်တစ်ခု ထည့်သွင်းပေးပါ။ သို့မဟုတ်၊ မိမိကို မည်ကဲ့သို့ ဆက်သွယ်နိုင်သည်ကို ဖော်ပြပေးပါ။**